ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်**

**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၀.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၇-၁၀-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ လယ်ယာမြေစစ်ဆေးရေး၊ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ (၄၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၄၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်အတွင်းရှိ မန်ချင် - နန်ကျောက်ဖား - ရှော်မိုနိုက် - တာဝမ်တီး - တာမူနိုင် ရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်အတွင်းရှိ မန်ချင်- နန်ကျောက်ဖား - ရှော်မိုနိုက် - တာဝမ်တီး - တာမူနိုင် ရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်နီနိုင် ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်၊ မန်တုံပါးကျေးရွာအုပ်စု ဆက်သွယ်သွားလာရေး ခက်ခဲသော ကျေးရွာများအတွက် ရာသီမရွေး အသုံးပြုသွားလာနိုင်မည့် ရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ပေးနိုင်ရန် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လောက်ကိုင်မြို့နယ် နှင့် မန်ချင်ရွာသို့ ကျောက်ချောလမ်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီး မန်တုံပါးကျေးရွာအုပ်စုအတွင်းရှိ ထိုက်ပေါသန်း၊ ရှော်မိုနိုက်၊ ဝမ်ထန်ပါး၊ နန်ကျောက်ဖား ၊ ရှောက်ကြိုက်၊ ကျုံးကြိုက်၊ တာဝမ်တီးရွာ နှင့် တာမူနိုင်ရွာများမှာ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားတဲ့ မြေသားလမ်းများဖြင့်သာ ဆက်သွယ်သွားလာ နေရပါတယ်။ ပွင့်လင်းရာသီများတွင် နေရာတိုင်း ဆက်သွယ်သွားလာနိုင်သော်လည်း မိုးရာသီကာလ များတွင် အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ လယ်ယာထွက်ကုန်သီးနှံများ သယ်ဆောင်ရာတွင် နှစ်စဉ်အခက်အခဲတစ်ခုအဖြစ် ရင်ဆိုင်နေရပါတယ်။ ရွာချင်းဆက်လမ်းအရှည်မှာ ခန့်မှန်းခြေ(၆)မိုင် ဝန်းကျင်ခန့်သာ ရှိပါတယ်။

သို့ဖြစ်ပါ၍ ရာသီမရွေး ဆက်သွယ်သွားလာအသုံးပြုနိုင်မည့် ရွာချင်းဆက်ကျောက်ချောလမ်း ဆောင်ရွက်ပေးရန် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာတင်ပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ မန်ချင်- နန်ကျောက်ဖား - ရှော်မိုနိုက် - တာဝမ်တီး - တာမူနိုင် ရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ချင်းပြည်နယ်ရှိ မြို့နယ်များတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ တို့မှ လမ်းများ၊ တံတားများ၊ ရေသွယ်ယူခြင်း၊ မီးတပ်ဆင်ခြင်းများအတွက် တင်ဒါခေါ်ယူခြင်း၊ တင်ဒါများ ပေးခြင်းတို့ကို ပွင့်လင်းမြင်သာမှုရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်ရှိ မြို့နယ်များတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စည်ပင်သာယာရေး အဖွဲ့တို့မှ လမ်းများ၊ တံတားများ၊ ရေသွယ်ယူခြင်း၊ မီးတပ်ဆင်ခြင်းများအတွက် တင်ဒါခေါ်ယူခြင်း၊ တင်ဒါများပေးခြင်းတို့ကို ပွင့်လင်းမြင်သာမှုရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် ပြုလုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ နယ်စပ်ရေးရာဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆောက်လုပ်ရေး(လမ်း)ဦးစီးဌာနတို့မှ ခွင့်ပြုချပေး ထားသည့် လမ်းများ၊ တံတားများ၊ မီးတပ်ဆင်ခြင်းများ၊ ရေသွယ်ခြင်းများကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ပြီး အသိပေးခြင်း မရှိခဲ့ပါဘူး။ ၎င်းလုပ်ကွက်ထဲရှိ ပြည်သူများမှ ပြဿနာတက်လာသည့်အခါမှ သက်ဆိုင်ရာဦးစီးဌာနကို မိတ္တူတောင်းခံပြီး စံချိန်စံညွှန်း ပြည့်မီအောင် ပြုလုပ်ရန်၊ ပြုလုပ်ပြီး စစ်ဆေးဖြေရှင်းပေးနေရပါတယ်။ သက်ဆိုင်ရာ ဦးစီးဌာနများသည် လမ်းများ၊ တံတားများ၊ မီးတပ်ဆင်ခြင်းများ၊ ရေသွယ်ယူခြင်းများ တင်ဒါခေါ်ယူသည့်အခါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်နိုင်ခြင်း မရှိနိုင်သော်လည်း ခွင့်ပြုပေးထားသည့် တင်ဒါများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ကြိုတင်မိတ္တူပေးနိုင်ပါက လုပ်ကွက်ရှိပြည်သူများ ပြဿနာ တက်လာပါက ကြိုတင်သိရှိထားခြင်းအားဖြင့် ကြိုတင်ပြင်ဆင်ပြီး ပြဿနာပြေလည်အောင် ဖြေရှင်း နိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘတ်ဂျက်၏ရည်ရွယ်ချက်ဖြစ်တဲ့ Budget Transparency၊ ဘတ်ဂျက် ပွင့်လင်းမြင်သာမှု Budget Accountability၊ တာဝန်ယူမှု၊ တာဝန်ခံမှု Responsibility၊ တာဝန်ကျေမှု၊ Effectiveness ထိရောက်မှု ဆိုတဲ့အချက်များနှင့်ပြည့်စုံအောင် လွှတ်တော်ကိုယ်စားလှယ်များလည်း ကြိုတင်သိရှိနိုင်အောင် ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်း ဒေသခံတိုင်းရင်းသားများ သွားလာရေးလွယ်ကူစေရန် လှိုင်းဘွဲ့ချောင်း (ကြာအင်း)ချောင်းကူး သံကူကွန်ကရစ် တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦး က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်း ဒေသခံတိုင်းရင်းသားများ သွားလာရေးလွယ်ကူစေရန် လှိုင်းဘွဲ့ချောင်း (ကြာအင်း)ချောင်းကူး သံကူကွန်ကရစ် တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောချစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်း ဒေသခံတိုင်းရင်းသားများ သွားလာရေးလွယ်ကူစေရန် လှိုင်းဘွဲ့ချောင်း (ကြာအင်း)ချောင်းကူး သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်း လှိုင်းဘွဲ့ချောင်း၏ အနောက်ဘက်ခြမ်း ရှမ်းရွာသစ်မြို့နယ် အရှေ့နဲ့အနောက်ကျေးရွာများ၊ ဒေသခံတိုင်းရင်းသားများ၊ ဝန်ထမ်းများ သွားလာလွယ်ကူစေရေးအတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ လှိုင်းဘွဲ့ အနောက်ဘက်ခြမ်းနေ တိုင်းရင်းသားများ၊ ဝန်ထမ်းများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒေသထွက်သီးနှံရောင်းချရန်အတွက် လှိုင်းဘွဲ့မြို့သို့ လာမယ်ဆိုရင် မိုင်(၃၀)ကျော် အကွာအဝေးမှ လာရတာဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့ လှိုင်းဘွဲ့မြို့မြောက်ဘက် အရှေ့ခြမ်းနှင့် အနောက်ဘက်ခြမ်းဖြတ်သန်းစီးတဲ့ လှိုင်းဘွဲ့ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးပါက (၁၁)မိုင်အကွာအဝေးသာ လာရမှာဖြစ်ပါတယ်။ နှစ်စဉ် နွေရာသီရောက်တိုင်း ရေနည်းတဲ့အချိန်မှာ ဒေသခံတိုင်းရင်းသားများက ဆရာတော်နဲ့ ပူးပေါင်းပြီးတော့ ကိုယ့်အားကိုယ်ကိုး သွားလာရေးလွယ်ကူစေရန်အတွက် ယာယီတံတား ပြုလုပ်ပြီး သွားလာကြပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ထိုင်းနှင့် နယ်နိမိတ်ထိစပ်တဲ့ မြို့နယ်ဖြစ်သော်လည်း မြဝတီ၊ ကြာအင်းဆိပ်ကြီးကဲ့သို့ နယ်စပ်ကုန်သွယ်ရေး မရှိတဲ့အတွက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပြုပါ။ ဒါက ကျွန်တော်တို့ လှိုင်းဘွဲ့ချောင်း (ကြာအင်း)ချောင်းကူးတဲ့တံတားနေရာဖြစ်ပါတယ်။ ဒါ ဆရာတော်က နှစ်စဉ်ဦးဆောင်ပြီးတော့ ဒါ သူတို့တံတား တည်ဆောက်နေပါတယ်။ ကျွန်တော်တို့ မြို့နယ်က တိုင်းရင်းသားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ကုန်သွယ်ရေးဂိတ် မရှိပေမယ့် သဘာဝက ပေးသော အခွင့်အရေး အလွန်လှပတဲ့ ခရီးသွားလုပ်ငန်းဖြစ်တဲ့ ရေတံခွန်တွေ ပေါများတဲ့နေရာ ဖြစ်ပါတယ်။ ဒါက ကျိုထော်ရေတံခွန် ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ပလေကြေတိုရေတံခွန် ဖြစ်ပါတယ်။ ဒါက ထီးဖာဒိုရေတံခွန် ဖြစ်ပါတယ်။ ဒါက လေကြိုးကော်ရေတံခွန် ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ဒီရေတံခွန်တွေဟာဆိုရင် ကျွန်တော်တို့ ဘားအံကနေတစ်ဆင့်လာမယ်ဆိုရင် ကျိုထော် ရေတံခွန်တစ်ခုသာ နေ့ချင်းပြန် သွားနိုင်ပါတယ်။ တကယ်လို့များ ဒီတံတား တည်ဆောက်ပေးခဲ့မယ် ဆိုရင်တော့ ကျွန်တော်တို့ ကျိုထော်ရေတံခွန်သာမကဘူး။ ကျွန်တော်တို့ ပလေကြေတိုရေတံခွန်၊ လေကြိုးကော်ရေတံခွန်၊ ထီးဖာဒိုရေတံခွန် ဒါတွေပါ နေ့ချင်းပြန် သွားလာနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လှိုင်းဘွဲ့မြို့နယ် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဆိုပါ ခရီးသွားလုပ်ငန်းတစ်ခုသာ အားကိုးစရာ ဖြစ်တဲ့အတွက် လှိုင်းဘွဲ့(ကြာအင်း)ချောင်းကူး သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

လှိုင်းဘွဲ့ချောင်း မြင်ကွင်းပုံ (ဏ)



တံတားပြုပြင် ပြီးစီးသည့် မြင်ကွင်းပုံ (ဏ-၁)



ကျုံထော်ရေတံခွန် မြင်ကွင်းပုံ (ဇာ-၂)



**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်၊ မတူပီခရိုင်တို့ကို အဓိကဆက်သွယ်ထားသော လမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား ပေ(၂၇၀)ကို သံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်၊ မတူပီခရိုင်တို့ကို အဓိကဆက်သွယ်ထားသော လမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား ပေ(၂၇၀)ကို သံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး အမိန့်ရှိတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့မှ မတူပီ၊ ဂန့်ဂေါကို အဓိကဆက်သွယ်တဲ့လမ်းဟာ နယ်စပ်ရေးရာဝန်ကြီးဌာနက ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီးတော့မှ မကွေးတိုင်း ဒေသကြီး၊ ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်၊ မတူပီခရိုင်တို့ကို အဓိကဆက်သွယ်သော ရမ်စီး-ဒါရ်ကြုံး-ခွါဘွေး-စန်စက်-ထယ်ဆီး-ယေဆော-တိန်ဆီးလမ်း (၆၅)မိုင်ကို ဖောက်လုပ်ပြီးဖြစ်ပါတယ်။ အဲဒီလမ်း အပိုင်းမှာဆိုလို့ရှိရင် မြစ်သာမြစ်ရဲ့ အထက်ပိုင်းကို ဖြတ်သန်းသွားတဲ့အတွက် တံတား တည်ဆောက်

ပေးရန် လိုအပ်လာပါတယ်။ ဒီလမ်းဟာ ချင်းပြည်နယ်၊ မတူပီမြို့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ကို အဓိကဆက်သွယ်သော လမ်းလည်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့မှ ပြည်မဘက်သို့ ထွက်သော မင်းတပ်-မတူပီ-ကျောက်ထုလမ်းဟာဆိုလို့ရှိရင် ဒီလမ်းတစ်ခုတည်းသာ ထွက်ပေါက်ဟာ ယခုအချိန် အထိ ရှိနေပါတယ်။

ဒါပေမဲ့ ဒီမတူပီ-မင်းတပ်-ကျောက်ထုလမ်းဟာဆိုလို့ရှိရင် တောင်ကုန်းတောင်တန်းများ အလွန်ထူထပ်သောကြောင့် မိုးရာသီဆိုလို့ရှိရင် မြေပြိုမှုများ၊ ကားတွေပိတ်ဆို့မှုများ မကြာခဏဆိုသလို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ယခုအခါ မတူပီ-ဟားခါးလမ်း မိုင်တိုင်(၁၃၉)မိုင်မှ ဂန့်ဂေါ-အိုက္ကားလမ်း မိုင်တိုင်(၂၆)သို့ ခွဲထွက်သော တိန်ဆီး-ရမ်စီ(၆၅)မိုင်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက မတူပီမြို့၏ ဒုတိယထွက်ပေါက်လမ်းအဖြစ် စတင်အကောင်အထည်ဖော်လာပြီ ဖြစ်ပါတယ်။ ၎င်းလမ်းဟာ မတူပီ ခရိုင်မှ ပြည်မသို့ ထွက်သောလမ်းဖြစ်တဲ့အတွက် အတိုဆုံးလမ်းနှင့် မြေပြိုမှုအနည်းဆုံးလမ်း ဖြစ်သည့် အတွက် အနာဂတ်မတူပီမြို့နယ်အတွက် အင်မတန်မှ အရေးပါမယ့် လမ်းတစ်လမ်း ဖြစ်လာမှာ သေချာ ပါတယ်။ ယခုအခါ မတူပီမြို့ဟာ ခရိုင်အဆင့် တိုးလာသည်နှင့်အတူ ချင်းပြည်နယ်တွင်လည်း တပ်မတော်အင်အား အများဆုံးချပေးသည့် မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒီ ခလရ(၁၄၀)၊ ခလရ(၃၀၄) နှင့် မတူပီအခြေချ မတူပီဗျူဟာတို့ အခြေချတဲ့မြို့လည်း ဖြစ်ပါတယ်။

ဒီမြစ်သာမြစ်ကူးတံတားကို ဆောက်လုပ်ပေးမည်ဆိုပါက ဒေသခံပြည်သူ(၄၀၀၀၀)ကျော်ခန့် အကျိုးပြုမည် ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းဖြင့် အကောင်အထည်ဖော်ရန် လျာထားစီမံကိန်းထဲတွင်လည်း မြို့နယ်စီမံကိန်းရုံးမှတစ်ဆင့် ခရိုင်ရုံး၊ ပြည်နယ်အစိုးရသို့ လျာထားစီမံကိန်း ဦးစားပေး(၁)အနေနဲ့ ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျ ငွေကတော့ ကျပ်သန်း(၅၁၀.၃၀)သန်း ဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် တောင်းခံအပ်ပါတယ်။ ဒီနေရာကတော့ အပြာရောင်နဲ့ ပြထားတဲ့နေရာက ခုနက ကျွန်တော်ပြောတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ် ပေးတဲ့ လမ်းဖြစ်ပါတယ်။ ဒီအနီရောင်နဲ့ ဝိုင်းထားတဲ့နေရာကတော့ တံတားဆောက်လုပ်မယ့်နေရာ ဖြစ်ပါတယ်။ ဒီအနီရောင်က အခုနပြောတဲ့အတိုင်း အတိုဆုံးလမ်း ဖြစ်ပါတယ်။ တိန်ဆီး-ရမ်စီးလမ်း ဖြစ်ပါတယ်။ အခု အပြာရောင်နဲ့ ထိုးထားတဲ့ နေရာကတော့ တံတားထိုးဖို့နေရာ ဖြစ်ပါတယ်။ ဒီ ခရမ်းရောင်နဲ့ ခြယ်ထားတဲ့ နေရာကတော့ မတူပီကနေ ကျောက်ထုဘက်ကို သွားတဲ့လမ်း ဖြစ်ပါတယ်။ ခဏခဏမြေပြိုတဲ့နေရာ ဖြစ်ပါတယ်။ ရပါပြီ။ ဒီ Power Point ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်နှင့်ချင်းပြည်နယ်၊ မတူပီ ခရိုင်ကို အဓိကဆက်သွယ်သော မြစ်သာမြစ်ကူးတံတားပေ(၂၇၀)အား သံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

တိန်ဆီး-ရမ်စီးလမ်း မြင်ကွင်းပုံ (တ)




မတူပီမှ ကျောက်ထု ဘက်သို့ သွားသည့်လမ်း မြင်ကွင်းပုံ (တ-၁)



**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အမှတ် (၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ကျွန်တော်တို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်အတွင်းမှာရှိတဲ့ မန်ချင်- နန်ကျောက်ဖား - ရှော်မိုနှိုက် - တာဝမ်တီး - တာမူနိုင် ရွာချင်းဆက် မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်မှာပါတဲ့ လောက်ကိုင်မြို့၊ မန်တုံပါးကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ မန်ချင်-နန်ကျောက်ဖား-ရှော်မိုနှိုက်-တာဝမ်တီး-တာမူနိုင် ကျေးရွာချင်းဆက်လမ်းဟာ အကျယ်(၁၂)ပေ ရှိပါတယ်။ အရှည်ကတော့ ကျွန်တော်တို့ (၆)မိုင်ခန့်ရှိပြီး ဒေသကနေ ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ပွင့်လင်းရာသီရောက်မှသာ သွားလာနိုင်တဲ့ မြေသားလမ်းအဆင့် ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ သတ်မှတ်အကျယ်မရှိတဲ့အတွက် မြေလမ်း ချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးမှသာ ကျောက်ချောလမ်းအဆင့်ကို တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းနှင့် အဆိုပါလမ်းနှင့်ပတ်သက်ပြီးတော့ ဒေသမှ ယခင်က တင်ပြခဲ့ဖူးခြင်း မရှိတာကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ရန်ပုံငွေလျာထားချက်များမှာလည်း ပါဝင်ခဲ့ခြင်း မရှိပါကြောင်း ဒေသရဲ့ စိစစ်ချက်အရ သိရှိရပါတယ်။

ဒါကြောင့်မို့လို့ အဆိုပါကျေးရွာချင်းဆက်လမ်းဟာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် ပေးနိုင်ရေးနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်၍ ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး (၅)နှစ်စီမံကိန်း လျာထားချက်မှာ ဦးစားပေးအပိုင်းလိုက် လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂) ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)ကနေပြီးတော့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်း က ချင်းပြည်နယ်ရှိ မြို့နယ်များမှာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ လမ်းများ၊ တံတားများ၊ ရေသွယ်ယူခြင်း၊ မီးတပ်ဆင်ခြင်းများအတွက် တင်ဒါများခေါ်ယူခြင်း၊ တင်ဒါပေးခြင်းတို့ကို ပွင့်လင်းမြင်သာမှုရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လမ်း/တံတား၊ အဆောက်အဦ၊ ရေရရှိရေး၊ စွမ်းအင်၊ မီးသွယ်တန်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အိတ်ဖွင့်တင်ဒါစနစ်များကို ကျွန်တော်တို့ ဆောင်ရွက် ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း နိုင်ငံတော်သမ္မတရုံးရဲ့ ၁၀-၄-၂၀၁၇ ရက်နေ့ ထုတ်ပြန် ထားတဲ့ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့် ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ၆-၉-၂၀၁၇ ရက်နေ့မှာ ထုတ်ပြန်တဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ တင်ဒါစည်းကမ်းချက် များ သတ်မှတ်လိုက်နာဆောင်ရွက်၍ နိုင်ငံပိုင်သတင်းစာတွေ၊ ဒေသတွင်းမှာ ထုတ်ဝေတဲ့ သတင်းစာ များမှာ အကြိမ်ကြိမ်ထည့်သွင်းဖော်ပြ၍ ပွင့်လင်းမြင်သာစွာဖြင့် တင်ဒါခေါ်ယူ ကျွန်တော်တို့ ဆောင်ရွက် ခဲ့ပါတယ်။

အဆိုပါ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း လမ်းညွှန်ချက်များနှင့်အညီ ကျွန်တော်တို့ အဖွဲ့တွေ ဖွဲ့ရပါတယ်။ ဖွဲ့တဲ့အဖွဲ့တွေမှာ ကျွန်တော်တို့ တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးကော်မတီများဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ စိစစ်ရပါတယ်။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများကိုလည်း ဖိတ်ကြားပြီးတော့ ကျွန်တော်တို့ တင်ဒါရှင်းလင်းပွဲများ၊ အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်ခြင်းများကိုလည်း စုပေါင်းခန်းမတွေမှာ ပွင့်လင်းမြင်သာစွာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် တင်ဒါလုပ်ငန်း စာချုပ်ချုပ်ဆိုရာမှာလည်း လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များ နှင့်အညီ တင်ဒါအောင်ကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော်တို့ လုပ်ငန်းအမည်၊ စံချိန်စံညွှန်းနှင့်အတိုင်းအတာ၊ လုပ်ငန်းဆောင်ရွက်သည့် ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၏အမည်၊ ခွင့်ပြုငွေ၊ လုပ်ငန်းနှင့်ပတ်သက်ဆက်သွယ် ပြောကြား နိုင်သည့် တယ်လီဖုန်းနံပါတ်များ စသည့်အချက်များပါဝင်သည့် ဆိုင်းဘုတ်များကိုလည်း လုပ်ဆောင်မည့် နေရာများမှာ ကျွန်တော်တို့ ပွင့်လင်းမြင်သာစွာ စိုက်ထူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဌာနကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ်၊ မြို့ စည်ပင်သာယာရေး ကော်မတီများရဲ့ လုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျပ်သန်း(၁၀) အောက်မှာရှိတဲ့ လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များမှာ Quotation အဆိုပြုလွှာခေါ်ယူခြင်းစနစ်ဖြင့် ဆောင်ရွက်ပါကြောင်းနှင့် ကျပ်သန်း (၁၀)နှင့်အထက် လုပ်ငန်းများ ဆောင်ရွက်ရာမှာတော့ နိုင်ငံပိုင်သတင်းစာ Local News ဒေသခံမီဒီယာများနှင့် ဌာနဆိုင်ရာများမှာ ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာခြင်းများ ပြုလုပ်၍ တင်ဒါ ခေါ်ယူလျက်ရှိပါတယ်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကလည်း ကျွန်တော်တို့ တင်ဒါဖွင့်လှစ်မယ့်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ မြို့မိမြို့ဖများကို ဖိတ်ခေါ်ပြီး ၎င်းတို့ရဲ့

ရှေ့မှောက်မှာ တင်ဒါစည်းမျဉ်းစည်းကမ်းများကို Power Point ဖြင့် ရှင်းလင်းခြင်း၊ တင်ဒါတင်သွင်းသူကုမ္ပဏီများမှ မိမိလျှောက်ထားတဲ့ လုပ်ငန်းများအလိုက်ကို Power Point ဖြင့်တင်ပြခြင်း၊ ကုမ္ပဏီများ၏အင်ဂျင်နီယာအရည်အချင်း ဆန်းစစ်ခြင်း၊ စစ်ဆေးဖွင့်ဖောက်ပြီး အောင်မြင်တဲ့ ကုမ္ပဏီများအား စုစုပေါင်း ရမှတ် အများဆုံး ရရှိတဲ့ ကုမ္ပဏီများအား အမှတ်ပေးရာမှာ Projector ပေါ်မှာ လျှောက်ထားသည့် ကုမ္ပဏီအားလုံးနှင့် အများမြင်သာအောင် ဖော်ပြထားပေးပါကြောင်း၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီရဲ့ ပဏာမစစ်ဆေးရွေးချယ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နှင့် စိစစ်ရွေးချယ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်မှာ နောက်တစ်ခုပါရှိတာကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ချပေးသည့်ဝန်ထမ်းအိမ်(၁)အိမ် သိန်း(၃၀)၊ ကြိုးတံတားတစ်ခုဟာ သိန်း(၁၀၀)ကျော်အတွက် မင်းတပ်မြို့၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ချင်းပြည်နယ်၊ ဟားခါးသို့ ခေါ်ယူခဲ့ပြီးတော့ စာချုပ်ချုပ်ဆိုခြင်းနှင့် ဟားခါးသို့ စာချုပ်ချုပ်ဆိုဖို့ ဆင့်ခေါ်ရာတွင် တင်ဒါသိန်း(၅၀၀)အထက်သာ ခေါ်ယူသင့်ပြီး၊ သိန်း(၅၀၀)အောက်ကို ခရိုင်အဆင့်ဖြင့်သာ စာချုပ်ချုပ်ဆိုသင့်ပါကြောင်း မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖော်ပြပါလုပ်ငန်းဟာ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ပြည်ထောင်စုရန်ပုံငွေနှင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း မဟုတ်ပါဘူး။ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်နယ်အစိုးရတည်ရှိရာ ဟားခါးမြို့မှာ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်လိုတဲ့ လုပ်ငန်းတွေ တင်ဒါအောင် ကုမ္ပဏီများအား အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှာ အလွယ်တကူ မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် တင်ဒါလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃) ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး ရဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်းမှာ ဒေသခံတိုင်းရင်းသားများ သွားလာရေးလွယ်ကူစေရန် လှိုင်းဘွဲ့ချောင်း (ကြာအင်း)ချောင်းကူး သံကူကွန်ကရစ်တံတား(၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ၎င်းတံတားကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့ လှိုင်းဘွဲ့မြို့နယ်၊ ကမော့လဲ -ကြာအင်းလမ်းပေါ်မှာ တည်ရှိပါတယ်။ ဒီတံတားကို ကျွန်တော်တို့ ဆောင်ရွက်ပေးခြင်းအားဖြင့် လှိုင်းဘွဲ့၊ ရှမ်းရွာသစ်ဒေသမှ မဲသဝေါ၊ မြိုင်ကြီးငူဒေသသို့ မြိုင်ကြီးငူ-မဲသဝေါလမ်းဖြင့် ဆက်စပ်၍ အချိန်တိုအတွင်း သွားလာနိုင်မယ့်လမ်း ဖြစ်ပါတယ်။

အဆိုပါ ချောင်းကူးတံတားပေ အရှည်(၂၈၀)ပေ ဆောက်ရွက်ပေးခြင်းအားဖြင့် ကျေးရွာပေါင်း (၇)ရွာ၊ လူဦးရေ(၇၀၈၂)ဦး၊ အိမ်ခြေ(၁၁၈၉)အိမ်၊ အိမ်ထောင်စု(၁၃၂၀)စုတို့ကို အထောက်အကူ ဖြစ်စေ

နိုင်မှာဖြစ်ကြောင်းလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ လှိုင်းဘွဲ့ချောင်း (ကြာအင်း)ချောင်းကူး သံကူကွန်ကရစ် တံတား ပေ(၂၈၀)အတွက် ကုန်ကျမည့် ငွေကျပ် သန်း (၇၇၀)အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေမှာ အဆိုပြု လျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွင့်ပြုမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းနံပါတ်(၄) ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်၊ မတူပီခရိုင်တို့ကို အဓိကဆက်သွယ်ထားသော လမ်းပေါ်မှာရှိတဲ့ မြစ်သာမြစ်ကူးတံတား ပေ(၂၇၀)ကို သံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မတူပီမြို့နယ်၊ ရန်စီး- ဒါကျုံး- ခါဘွေ- ရေဆော- တိန်ဆီး (၆၅)မိုင် အနက် မြေသား လမ်း (၂၀)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ပြည်ထာင်စုရန်ပုံငွေမှ ကျပ် (၁၂၀.၀၀)သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မြေလမ်း(၁၀)မိုင်ကို ပြည်ထောင်စုရန်ပုံငွေ ကျပ် (၁၇၇.၃၀)သန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း (၃၅)မိုင်ကို ဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် ပြည်ထောင်စု ရန်ပုံငွေ ကျပ်(၆၃၀)သန်းနှင့် ၎င်းရဲ့ လမ်းပေါ်မှာရှိတဲ့ Box Culvert (၁၅)စင်း၊ (၅)ပေ Box Culvert (၁၅)စင်းနဲ့ စုစုပေါင်း (၃၀)စင်း တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ပြည်ထာင်စုရန်ပုံငွေကျပ် (၁၀၉.၂၀)သန်းဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် မေးမြန်းခဲ့တဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ချင်းပြည်နယ်၊ မတူပီခရိုင်တို့ကို အဓိကဆက်သွယ်ထားသော လမ်းပေါ်မှာရှိတဲ့ မြစ်သာမြစ်ကူးတံတား (၂၇၀)ပေကို သံကူကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ပေးရန် မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်နှင့် ချင်းပြည်နယ်၊ မတူပီခရိုင်တို့ကို အဓိကဆက်သွယ်ထားသော လမ်းပေါ်မှာရှိတဲ့ မြစ်သာမြစ်ကူး လူကူး ကြိုးတံတား (၂၇၀)ပေရဲ့ အခင်း၊ အကာ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ပြည်နယ်လွှတ်တော် ရန်ပုံငွေက ငွေကျပ်(၅)သန်းဖြင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများက ဆောင်ရွက်ခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။

မတူပီမြို့နယ်၊ ဒါရ်ကြုံးကျေးရွာနှင့် ရမ်စီကျေးရွာသို့ ဆက်သွယ်ထားတဲ့ လူကူးကြိုးတံတား (၂၇၀)ပေကို ကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတား တည်ဆောက်ရေးနှင့်စပ်လျဥ်း၍ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးချက်တွေ့ရှိချက်အရကတော့ မြစ်ကြောင်းရဲ့ အနေအထား၊ ရေစီးအား၊ ချဥ်းကပ်လမ်း၊ အကျိုးပြုရာခိုင်နှုန်းများအရ ပေ(၂၇၀)အထက် ဆောင်ရွက်ရမယ့် အနေအထား ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မြစ်ကူးတံတားဖြစ်သဖြင့် ကျွမ်းကျင်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ လုပ်ငန်းပမာဏ ကြီးမားခြင်း တို့ကြောင့် မိမိဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နိုင်ခြင်းအစား ကျွမ်းကျင်ပညာရှင်များဖြင့် မြစ်ကူး တံတား အတွေ့အကြုံ ပိုမိုများပြားသည့်ဌာနကသာ တာဝန်ယူဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။မေးခွန်းလာရောက် ဖြေကြားပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ ၁၆-၂-၂၀၁၇ ရက်နေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက် ၉-၃-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ စာရင်းအင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း

အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနဟာ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့် အလုပ်သမားများရဲ့ အကျိုး ခံစားခွင့်များနှင့် ရပိုင်ခွင့်များကို အပြည့်အဝ ခံစားရရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်ပေး လျက်ရှိပါတယ်။ အလုပ်သမားရေးရာ ဥပဒေများနှင့် ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့ ဥပဒေများကို ပြန်လည်စိစစ်ပြီးတော့မှ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ အလုပ်သမားများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာမှာ ပြည့်စုံမှု မရှိတဲ့ ဥပဒေများကိုလည်း ပိုမိုပြည့်စုံ ထိရောက်မှု ရှိစေဖို့အတွက် အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိတဲ့ အလုပ်သမားရေးရာ ဥပဒေ များအနက် တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေမှာ ပါဝင်တဲ့ ပြဋ္ဌာန်းချက်များဟာ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ ခေတ်ကာလနှင့် လျော်ညီခြင်း မရှိတော့တာဖြစ်တဲ့အတွက် ကျင့်သုံးမှု အားနည်းလာသည်ကို တွေ့ရှိခဲ့ရပါတယ်။

၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေပါ ဆိပ်ကမ်း အလုပ်သမားနှင့် အလုပ်ရှင်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်းပဲ ဝန်ကြီးဌာနမှ စည်းကြပ်ဆောင်ရွက် လျက်ရှိတဲ့ တည်ဆဲအလုပ်သမားရေးရာ ဥပဒေများ ဖြစ်တဲ့ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး အက်ဥပဒေ ၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ၊ ၁၉၂၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးအက် ဥပဒေ၊ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ၊ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့မှာ ထည့်သွင်းပြဋ္ဌာန်းပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ အက်ဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဆက်စပ်ဆောင်ရွက်ရတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လက်ရှိတည်ဆဲဥပဒေများဖြစ်တဲ့ ၁၉၀၅ ခုနှစ်၊ ရန်ကုန် ဆိပ်ကမ်းဥပဒေ၊ ၁၉၀၈ ခုနှစ်၊ ဆိပ်ကမ်းအက်ဥပဒေနှင့် ၁၉၁၄ ခုနှစ်၊ ပြင်ပဆိပ်ကမ်းများ အက်ဥပဒေကို စည်းကြပ်ဆောင်ရွက်နေပြီးတော့မှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ခေတ်ကာလနှင့်လျော်ညီစွာ အသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုတို့မှာ

လည်းပဲ ကုန်တင်၊ ကုန်ချလုပ်ငန်းများအတွက် အလုပ်သမားများနှင့်သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ အဆိုပါ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေအား ရုပ်သိမ်းနိုင်ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထား မှတ်ချက်တောင်းခံတဲ့နေရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှာ ကုန်တင်၊ ကုန်ချလုပ်ငန်းများ အတွက် အလုပ်သမားများနှင့် သက်ဆိုင်သည့်ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်ပါက ရုပ်သိမ်းသင့်သည်ဟု သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့တဲ့ လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) မှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီးတော့မှ တင်ပြခဲ့တဲ့နေရာမှာ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရန် ညွှန်ကြားခဲ့ပါတယ်။ အဆိုပါ ညွှန်ကြားချက်အရ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၇) သို့ တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် သဘောတူညီမှု ရရှိခဲ့ပြီး ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်း နိုင်ရေး တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ် စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး ဖြစ်ပါတယ်။ ကော်မတီ

ရဲ့ တာဝန်ပေးချက်အရ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇- ၄၈၈
ရက်စွဲ　၊၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်

၁။　ပြည်ထောင်စုလွှတ်တော်က ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန်အတွက် ၉-၁၀-၂၀၁၇ ရက်နေ့မှာ ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တာဝန်ရှိပုဂ္ဂိုလ်တွေနှင့် ၁၂-၁၀-၂၀၁၇ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

### လေ့လာတွေ့ရှိချက်

၂။　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဤဥပဒေကြမ်းကို လေ့လာစိစစ်ရတဲ့အခါ မူလဥပဒေဟာ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ခေတ်ကာလနှင့် လျော်ညီခြင်း မရှိ၍ ကျင့်သုံးမှုအားနည်းခြင်း၊ မူလဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက်တွေဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စည်းကြပ်ဆောင်ရွက်လျက်ရှိသည့် အခြားတည်ဆဲဥပဒေများတွင် ဖော်ပြပါရှိပြီးဖြစ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ ကုန်တင်ကုန်ချအလုပ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပြီး ဖြစ်ခြင်းတို့ကြောင့် ဒီဥပဒေကြမ်းကို လွှတ်တော်ကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။　သို့ဖြစ်ပါ၍ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၀း၄၂ နာရီအချိန်တွင် ရပ်နားပါသည်။]